



ဓာတ်ပုံ-နန်းလွင်

ဒေါ်ခါရာရဲ့စကားကြောင့် အနားမှာရှိနေတဲ့အမျိုးသမီးအချို့ ငိုကြွေးကြပြီး ကူညီပေးဖို့ရောက်လာတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတွေကို အကူအညီတောင်းခံကြပါတယ်။

# မငြိမ်းသောစစ်ပွဲတွေကြောင့် မတည်ငြိမ်နိုင်တဲ့ဘဝများ

**မိုင်းခေါင်၊ အောက်တိုဘာ ၃၁** – မခေါ်ယမ် ရွာထိပ်က အုန်းခနဲအသံတွေ ဆက်တိုက်ကြားလိုက်တာနဲ့ တစ်ပြိုင်နက် ဒေါ်ရွှယ်တောင်တစ်ယောက် ၁၂ နှစ်အရွယ် မြေးငယ်ကိုဆွဲကာ အသံတွေနဲ့ ဝေးရာကို ပြေးပါတော့တယ်။ လွန်ခဲ့တဲ့ သုံးနှစ်က ကားမှောက်လို့ မသန်တော့တဲ့ခြေထောက်ကြောင်း ထော့ကျိုးထော့ကျိုး ဖြစ်နေပေမဲ့ တောင်ဝှေးကို ထောက်ကာ ထောက်ကာ မိုးရေထဲမှာ အသက်ဘေးကနေ လွတ်အောင် ဒေါ်ရွှယ်တောင် ပြေးခဲ့ရပါတယ်။

'ကိုယ်လွတ်ရုန်းပြီး ပြေးရတာလေ၊ အရင်တုန်းကလဲ စစ်ကြောင်းတွေ ရွာထဲဝင်လာရင် တောထဲမှာသွားနေကြတယ်၊ ဒီတစ်ခါကတော့ အဆိုးဆုံးလို့ ခံစားရတယ်လေ၊ လက်နက်ကြီးတွေ ပစ်သံက တဝုန်းဝုန်းကြားရတော့ ဒီတစ်ခေါက် အကြောက်ဆုံး အလန့်ဆုံးဖြစ်ရတယ်' လို့ မခေါ်ယမ်ကျေးရွာမှာနေထိုင်သူ မူလတန်းကျောင်းအုပ် (အငြိမ်းစား) ဒေါ်ရွှယ်တောင်က အောက်တိုဘာ ၂၄ ရက်နေ့က ကြုံခဲ့ရတဲ့ အဖြစ်အပျက်ကို ပြန်ပြောပြပါတယ်။

## ဖမ်းဆီးစစ်ဆေးမေးမြန်း

အောက်တိုဘာ ၂၁ ရက်နေ့က ဗန်းမော်မြို့နယ် မန်စီခရိုင်ထဲကရွာတွေကို အစိုးရစစ်တပ်တွေ ဝင်ရောက်ခဲ့ပြီး ရွာအချို့မှ ရွာသားတွေကို ဖမ်းဆီးတာ၊ စစ်ဆေးမေးမြန်းတာ၊ ပစ်ခတ်တာတွေကြောင့် ရွာသူရွာသားတွေ နေရပ်ကနေ စွန့်ခွာထွက်ပြေးခဲ့ကြပြီး ရွာသား ၁၀၀၀ ခန့် ဒုက္ခသည်စခန်းတွေမှာ ရောက်နေကြပါတယ်။ အချို့ကတော့ တောထဲမှာ ခိုအောင်းနေထိုင်ရင်း ပျောက်ဆုံးနေဆဲဖြစ်ပါတယ်။

မိုင်းခေါင်ကျေးရွာ ကေဘီစီ ဘုရားကျောင်းမှ ဓမ္မဆရာ ဦးနော်မိုင်က 'ယောကျ်ားလေးတွေကို ချည်တုပ်ထားတယ်၊ အမျိုးသမီးတွေကို အိမ်တွေထဲမှာ ပိတ်လှောင်ထားတယ်၊ ကျွန်တော်တို့ ဒီကဆရာတော်တွေနဲ့ သွားခေါ်မှ အကုန်လွှတ်ပေးတယ်၊ သူတို့နှိပ်စက်ထားတဲ့ ကျေးရွာဥက္ကဋ္ဌ တစ်ယောက်ဆိုရင် သေနတ်မှန်ထားလို့ ဆေးရုံတင်ထားရတယ်' လို့ ပြောပါတယ်။

မိုင်းခေါင်၊ နမ်ဖာပါ၊ နမ်ဖူ၊ မခေါ်ယမ်၊ မုန်းဒိန်ပါကျေးရွာတွေမှာ စစ်သားတွေ အိမ်တွေမှာ နေရာယူထားကြပြီး ရွာသားတွေကတော့ ဒုက္ခသည်စခန်းတွေမှာ၊ တောတွေထဲမှာ ခိုအောင်းပုန်းခိုနေကြရပါတယ်။ မိုင်းခေါင်ကျေးရွာကစပြီး နမ့်လင်းပါ ကျေးရွာအထိ စစ်တပ်က ရွာတိုင်းမှာ ဝင်ရောက်နေရာယူထားပါတယ်။

'တောက်လျှောက် စစ်သားတွေချည်းပဲ၊ ရွာသူရွာသားတွေရဲ့အမြင်မှာ မြန်မာစစ်တပ်ဝင်လာရင် ခေါ်မေးခံရတော့မယ်၊ ခေါ်ပြီး ရိုက်ခံရတော့မယ်ဆိုတာကို စိတ်ထဲစွဲနေတယ်၊ အရင်ကလဲ ဒါမျိုး ခဏခဏ ကြုံဖူးတာကိုး၊ သေနတ်ပစ်သံကြားရတော့ ပိုဆိုးသွားတာပေါ့' လို့ နမ်ဖူကျေးရွာမှ ထွက်ပြေးလာတဲ့ ဦးမှုန်လက ပြောပါတယ်။

ကျေးရွာတွေထဲက အိမ်တွေမှာ စစ်သားတွေ အပြည့်နေရာယူထားရုံမကဘဲ ရွာသားတွေရဲ့နေအိမ်တွေက အသုံးအဆောင်တွေကိုပါ သယ်ယူသွားကြတယ်လို့လည်း သိရပါတယ်။ မုန်းဒိန်ပါကျေးရွာအတွင်းက အိမ်အချို့မှာ သေတ္တာတွေကို ဓားနဲ့ခုတ်ထားသလို ပစ္စည်းတွေ သုံးမရအောင် ပြန့်ကျဲနေတာ တွေ့ရတယ်လို့ သွားရောက်ကြည့်ရှုခဲ့တဲ့ ကေဘီစီဘုရားကျောင်းမှ တာဝန်ရှိသူတွေက ပြောပါတယ်။

ဦးနော်မိုင်က 'အားလုံးက ကိုယ်လွတ်ရုန်းပြေးရတာလေ၊ ဘာပစ္စည်းမှ မသယ်နိုင်ဘူး၊ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ မှောင်ထဲမည်းထဲ ပြေးလာရတာ၊ အသင်းတော်တွေကသိလို့ လမ်းတွေမှာ ကားနဲ့လိုက်တင်ခေါ်တယ်၊ အချို့ကျတော့လဲ တောထဲမှာ ပုန်းနေတော့ မတွေ့ရဘူး' လို့ ပြောပါတယ်။

## သစ်မှောင်ခိုရှင်းလင်း

မုန်းဒိန်ပါရွာမှာ တစ်ရွာလုံး အစိုးရစစ်တပ်က စစ်သားတွေ နေရာယူထားတာ တွေ့ရပြီး အဲသည်ရွာက ရွာသူရွာသား ၅၀၀ ကျော်ဟာ မိုင် ၂၀ ဝေးတဲ့နေရာအထိ ခြေကျင်ပြေးခဲ့ကြပြီး အခုဆိုရင် ဗန်းမော်မြို့ထဲက ဒုက္ခသည်စခန်းတွေကို ရောက်ရှိနေပြီဖြစ်ပါတယ်။

မန်စီခရိုင်ထဲက ကျေးရွာတွေကို အစိုးရ စစ်တပ် ဝင်ရတဲ့အကြောင်းရင်းက မှောင်ခိုသစ်လမ်းကြောင်းကို ဝင်ရောက်ရှင်းလင်းတာဖြစ်ပြီး နယ်မြေဒေသခံလူထုနဲ့ နီးစပ်လိုတာကြောင့်လို့ မိုင်းဂျာကျေးရွာမှာ တာဝန်ကျတဲ့ ဗျူဟာမှူးက ပြောပါတယ်။

မိုင်းခေါင် ကေဘီစီဘုရားကျောင်းမှ သင်းအုပ်ဆရာတော် ဦးနော်လောန်က 'လမ်းပန်းဆက်သွယ်ရေးအရ မှောင်ခိုလမ်းတွေကို လိုက်ကြည့်တယ်ပြောတာပဲ၊ မှောင်ခိုလမ်းပိတ်တယ်ပြောပေမဲ့ မှောင်ခိုမရှိတဲ့နေရာအထိ ရောက်လာတယ်' လို့ ပြောပါတယ်။

လယ်တောထဲမှာနေတဲ့ ရွာသားအချို့က ကချင်စကားပြောသံကြားရင် ပုန်းနေတဲ့ တောထဲကနေ ထွက်လာပြီး ရွာထဲမှာ အခြေအနေဘယ်လိုလဲ၊ ဒုက္ခသည်စခန်းတွေကို ဘယ်လိုသွားရသလဲ မေးမြန်းကြပါတယ်။

မုန်းဒိန်ပါကျေးရွာရဲ့ လယ်တောတစ်ခုမှာ ပုန်းအောင်းနေတဲ့ ဒေါ်ခါရာက 'ကျွန်မ သားကို မသင်္ကာလို့ခေါ်စစ်တယ်၊ လည်ပင်းကို ကြိုးနဲ့ချည်တယ်၊ ဗိုက်ကို ဓားနဲ့ထောက်တယ်၊ အခု တောထဲမှာ ဆေးကုပေးထားတယ်၊ အိမ်ကို တိတ်တိတ်လေး ပြန်ကြည့် တော့ ဘာမှမရှိတော့ဘူး၊ သေတ္တာထဲမှာထားတဲ့ပိုက်ဆံလဲ မရှိတော့ဘူး၊ အကုန်ရိုက်ဖွင့်ပြီး ယူသွားတယ်' လို့ ပြောပါတယ်။

ဒေါ်ခါရာရဲ့စကားကြောင့် အနားမှာရှိနေတဲ့ အမျိုးသမီးအချို့ငိုကြွေးကြပြီး မြန်မာစစ်သားတွေ ထွက်သွားအောင်လုပ်ပေးဖို့၊ ကူညီပေးဖို့ရောက်လာတဲ့ ခရစ်ယာန်ဘုန်းတော်ကြီးတွေကို အကူအညီတောင်းခံကြပါတယ်။

ခရစ်ယာန်ဘုန်းတော်ကြီးတွေက ဒုက္ခသည်စခန်းတွေကို သွားနေနိုင်ကြောင်း၊ ရွာသားတွေကို ဒုက္ခမပေးအောင် ညှိနှိုင်းပြောဆိုနေဆဲဖြစ်ကြောင်း ပြန်လည်ပြောဆိုပြီး အစိုးရစစ်တပ်ထိန်းချုပ်တဲ့ရွာတွေကို ဆက်ပြီးသွားဖို့ ထွက်ခွာတဲ့အခါမှာတော့ ရွာသားတွေဟာ လယ်တောထဲကို အမြန်ပြန်ပြီး ပုန်းအောင်းကြပြန်ပါတယ်။

မုန်းဒိန်ပါရွာကနေ အောက်တိုဘာ ၃၀ ရက်နေ့ ညနေ ၄း၀၀ နာရီခန့်ကနေ ည ၇း၀၀ နာရီကျော်အထိ လက်နက်ကြီး ပစ်ခတ်သံတွေကြားရပြီး ၃၁ ရက်နေ့ မနက်မှာတော့ ကောင်ဂျာနဲ့ နမ့်လင်းပါရွာကြားမှာ ကေအိုင်အေနဲ့ အစိုးရစစ်တပ်ကြား အပြန်အလှန် ပစ်ခတ်မှုတွေ ဖြစ်ကြပါတယ်။

အောက်တိုဘာလ ၁၀ ရက်နေ့က ပြည်ထောင်စု ငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနဲ့ ကေအိုင်အို ကိုယ်စားလှယ်အဖွဲ့တို့ဟာ ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ်ရဲ့ မြန်မာနိုင်ငံဆိုင်ရာ အထူးကိုယ်စားလှယ် မစ္စတာ ဗီဂျေနမ်ဘီးယား အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်း ၁၀ ဖွဲ့မှ ကိုယ်စားလှယ်တွေ၊ ပြည်တွင်းက တိုင်းရင်းသားပါတီများရဲ့ ကိုယ်စားလှယ်တွေရဲ့ရှေ့မှာ အချက် ခုနစ်ချက်ပါဝင်တဲ့ သဘောတူညီချက်ကို လက်မှတ်ရေးထိုးခဲ့ကြပြီး သက်သေတွေအဖြစ် မစ္စတာဗီဂျေနမ်ဘီးယား အပါအဝင် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းတွေမှ ပုဂ္ဂိုလ်တွေ ပါဝင်ခဲ့ကြပါတယ်။

အခုလို မန်စီခရိုင်ဘက်က ကျေးရွာတွေမှာ အစိုးရစစ်တပ်တွေ ပစ်ခတ်မှုရှိတာ၊ ရွာသူရွာသားတွေကို ဖမ်းဆီးမှုပြုလုပ်တာ၊ ရွာထဲ နေအိမ်တွေက ပစ္စည်းတွေကို ယူငင်တာတွေ၊ ရွာအချို့ကို မသွားလာရဲအောင်ပိတ်ဆို့ထားတာဟာ အောက်တိုဘာလ ၁၀ ရက်နေ့က သဘောတူညီထားတဲ့ စာချုပ်ထဲက အချက်အလက်တွေကို အစိုးရစစ်တပ်က ဖောက်ဖျက်လိုက်တာဖြစ်ကြောင်း လူ့အခွင့်အရေး စောင့်ကြည့်သူတွေက ဝေဖန်ထားပါတယ်။

ဗန်းမော်မြို့နယ်မှာ ဒုက္ခသည်စခန်းတွေကို ကူညီပေးနေသူတစ်ဦးက 'အခုရှိနေတဲ့ ဒုက္ခသည်တွေကိုတောင် မနည်းကျွေးနေရတယ်၊ အခု ထပ်တိုးလာတဲ့ ၁၀၀၀ ကျော်ကို ဘယ်လိုလုပ်မလဲ၊ ဒုက္ခသည်စခန်းတွေအတွက် ပိုပြီး အခက်အခဲဖြစ်သွားနိုင်တယ်' လို့ ပြောပါတယ်။

## ဒုက္ခသည်စခန်း ရိက္ခာပြတ်လပ်

ဗန်းမော်ခရိုင် မန်စီမြို့နယ်အနီးက စစ်ပြေးဒုက္ခသည် ၁၀၀၀ ကျော်ရှိတဲ့ နမ့်လင်းပါရွာကို အစိုးရစစ်တပ်က ဝိုင်းထားတာကြောင့် ရေရှည်မှာ စားနပ်ရိက္ခာပြတ်လပ်မှုနဲ့ ကြုံတွေ့နေရပါတယ်။ ကောင်ဂျာရွာနားမှာ တိုက်ပွဲတွေ ဖြစ်ပွားနေတာကြောင့် နမ့်လင်းပါရွာကို သွားရောက်ပို့မယ့် ဆန်ကားတွေ မသွားနိုင်ဘဲ နောက်ကြောင်းပြန်လှည့်ခဲ့ရပါတယ်။ ရေရှည်မှာ ဒုက္ခသည် ၁၀၀၀ ကျော်နဲ့ ရွာသားတွေ ရိက္ခာပြတ်လပ်မှုဒဏ်ကို ခံနိုင်ရည်ရှိမှာ မဟုတ်ကြောင်း ဒုက္ခသည်တွေကို ကူညီပေးနေတဲ့ ဗန်းမော်မြို့ပေါ်ရှိတဲ့ အဖွဲ့အစည်းအချို့က စိုးရိမ်ပူပန်နေကြပါတယ်။

လက်ရှိအချိန်က လယ်ရိတ်သိမ်းချိန်ဖြစ်ပြီး ကိုယ့်လယ်ယာကထွက်တဲ့ စပါးကို တစ်နှစ်ပတ်လုံးစားဖို့အတွက် စိုက်ပျိုးကြတဲ့ မန်စီခရိုင်အတွင်းက ရွာသားတွေအတွက် လာမယ့်တစ်နှစ်ပတ်လုံး ရိက္ခာအခက်အခဲနဲ့ ကြုံရမှာဖြစ်တယ်လို့လည်း မိုင်းခေါင် ကေဘီစီဘုရားကျောင်းမှ သင်းအုပ်ဆရာတွေက ပြောပါတယ်။

ဒေါ်ရွှယ်တောင်က 'စိုက်ခင်းတွေ အကုန်လုံး ထားခဲ့ရတယ်လေ၊ လယ်ပဲလုပ်တယ်လေ၊ အဲဒီလယ်ကထွက်တဲ့ စပါးနဲ့ပဲ ငွေဖြစ်တယ်၊ အဝတ်အစား ဆေးဝါးဝယ်ရတယ်လေ၊ အဲဒီစပါးကိုပဲ တစ်နှစ်ပတ်လုံး စားတယ်၊ တခြားဝင်ငွေ မရှိကြဘူးလေ၊ အခုလောက်ဆို စပါးတွေက ရိတ်သိမ်းချိန် လွန်သွားပြီပေါ့၊ ရှေ့ရေးကို ဘယ်လိုလုပ်မလဲ မသိတော့ပါဘူး' လို့ ပြောပါတယ်။

ဒေါ်ရွှယ်တောင်ဟာ သားဖြစ်သူ သေဆုံးသွားပြီးနောက်မှာ ချွေးမက တရုတ်ပြည် ကြံခင်းတွေမှာ အလုပ်လုပ်မယ်ဆိုပြီး ထွက်သွားတာကြောင့် တစ်ဦးတည်းသော မြေးကို ကြည့်ရှုစောင့်ရှောက်ထားရပါတယ်။ စစ်ကြောင်းကြောင့် ကျောင်းဆက်မတက်ရဘဲ ပြေးလာရတဲ့ မြေးငယ်ကို ကြည့်ရင်းနဲ့ ဒေါ်ရွှယ်တောင် တစ်ယောက် မျက်ရည်တွေကျလာပါတယ်။

'အိမ်ကို ပြန်ချင်တယ်၊ ပြန်ချင်ပေမဲ့ ဘယ်လိုပြန်မလဲ၊ ပစ္စည်းတွေလဲအကုန်မရှိတော့ဘူး၊ စပါးတွေလဲ အကုန်ရိတ်သိမ်းချိန်လွန်နေတော့ နောက်တစ်နှစ်လုံး ဘာစားပြီးနေရမလဲ၊ ဘာစားမလဲဆိုပြီးတော့ပဲ စဉ်းစားနေတာလေ' လို့ ဒေါ်ရွှယ်တောင်က ပြောပါတယ်။

**နန်းလွင်**

“မန်စီခရိုင်ထဲက ရွာတွေကို အစိုးရစစ်တပ်တွေ ဝင်ရောက်ခဲ့ပြီး ရွာအချို့မှ ရွာသားတွေကို ဖမ်းဆီးတာ၊ စစ်ဆေးမေးမြန်းတာ၊ ပစ်ခတ်တာတွေကြောင့် ရွာသူရွာသားတွေ နေရပ်ကနေ စွန့်ခွာထွက်ပြေးခဲ့ကြပါတယ်။”

